**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

(၁၅)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်**

**( ၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၃၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၇-၃-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကျွန်တော် ဦးတင်ဝေ မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သော အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အာမကတိကဝတ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြူးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပအိုဝ်းအမျိုးသားကိစ္စဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်ပခရီးစဉ်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပါတီနာယက၏နာရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၇)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၈)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ သိမ်ကုန်းကျေးရွာတွင် ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး က ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ သိမ်ကုန်းကျေးရွာတွင် ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်ရှင်။ ကျွန်မ မေးမြန်းမယ့်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းမှာရှိကြတဲ့ တောင်ရွှေပုထိုး၊ နောင်သခေါ၊ အင်လုံ၊ တံတားကြီး၊ တပ်ကြီး၊ အုံးအက်၊ သိမ်ကုန်း၊ ကုန်းစောင်း၊ ကြံခင်းမြောင်၊ သရက်ကုန်း၊ ဖနံ၊ ပန်းကိုးကွဲ၊ ညောင်ဝန်း၊ ညောင်ကောက်၊ ညောင်ပင်ဝိုင်း၊ ခံတောင်နဲ့ ပြင်သာ၊ ရွှေပုထိုး၊ အင်းငယ် စတဲ့ကျေးရွာများဟာ တစ်ဆက်တစ်စပ်တည်းရှိပြီး လျှပ်စစ်မီး မရရှိသေးတဲ့ကျေးရွာတွေ ဖြစ်ပါတယ်ရှင်။ လျှပ်စစ်မီးလိုချင်တဲ့ ဆန္ဒတွေ ပြင်းပြနေကြတဲ့အတွက် ကိုယ့်အားကိုယ်ကိုး မီးလင်းချင်တဲ့ရွာတွေရှိသလို ကိုယ့်အားကိုယ်ကိုး တချို့တစ်ဝက်နဲ့ နိုင်ငံတော်ပံ့ပိုးမှုတချို့တစ်ဝက်နဲ့ မီးလင်းချင်တဲ့ရွာတွေလည်း ရှိကြပါတယ်ရှင်။

ဒါပေမဲ့ ပင်းတယမြို့ပေါ် ဓာတ်အားခွဲရုံကနေ မီးသွယ်တန်းရန်အတွက် ဓာတ်အားလိုင်း မနိုင်တော့တဲ့အတွက် ဓာတ်အားခွဲရုံ အသစ်တစ်ခု ထပ်မံတည်ဆောက်မှ ရပါမယ်ရှင်။ ပင်းတယမြို့နဲ့ (၈.၅)မိုင်ကွာဝေးတဲ့ သိမ်ကုန်းကျေးရွာမှာ မြေနေရာရှိပြီးသားအဆင်သင့်ဖြစ်တဲ့အတွက် ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မ မေးမြန်းလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မီးမလင်းသေးတဲ့ကျေးရွာတွေ မီးရရှိနိုင်ရန်အတွက် သိမ်ကုန်းကျေးရွာမှာ ဓာတ်အားခွဲစက်ရုံ အသစ်တစ်ခု တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းရာတွင် ပြည်သူများ၏ လယ်ယာမြေနှင့် သီးပင်စားပင်၊ နှစ်ရှည်ပင်များ ဆုံးရှုံးမှုအပေါ် လျော်ကြေးငွေနှင့် နစ်နာကြေး ပေးချေနိုင်ရေး အတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး က မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းရာတွင် ပြည်သူများ၏ လယ်ယာမြေနှင့် သီးပင်စားပင်၊ နှစ်ရှည်ပင်များ ဆုံးရှုံးမှုအပေါ် လျော်ကြေးငွေနှင့် နစ်နာကြေး ပေးချေနိုင်ရေးအတွက် မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဌေး ပဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်အကြောင်းအရာကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းရာတွင် ပြည်သူများ၏ လယ်ယာမြေများ နစ်နာဆုံးရှုံးခဲ့မှုအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကိုယ်စားပြုတဲ့ ချောင်းဆုံမြို့နယ်ဟာ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရဲ့ တစ်ဖက်ကမ်းမှာတည်ရှိပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ခြင်းမရှိသည့်အတွက် ချောင်းဆုံဒေသ ကျေးရွာများမှ ကျေးရွာ(၁၀)ရွာ မီးသုံးစွဲသူ(၁၇၄၀)အား ၅၀၀ ကေဗွီအေ ဒီဇယ်မီးစက်(၂)လုံးဖြင့်သာ တစ်နေ့လျှင်(၄)နာရီဖြင့် ဓာတ်အား ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ချောင်းဆုံဒေသအား (၂၄)နာရီ ဓာတ်အားပေးနိုင်ရေး အတွက် နိုင်ငံတော် ဓာတ်အားစနစ်နဲ့ ချိတ်ဆက်မယ့် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ-သံလွင်မြစ်ကျော် ဓာတ်အားလိုင်း (၁၇.၁၂)မိုင်နဲ့ ၆၆/၁၁ ကေဗွီ (၂ x ၁၅) အမ်ဗွီအေ ချောင်းဆုံဓာတ်အားခွဲရုံတို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ အကောင်အထည်ဖော်ရာတွင် တိုင်ဆင်၊ ကြိုးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူများ၏ လယ်ယာမြေများ၊ သီးပင်စားပင်များ၊ နှစ်ရှည်ပင်များ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများ၏ လယ်ယာမြေများ၊ သီးပင်စားပင်များ ဆုံးရှုံးမှု အပေါ် နစ်နာကြေး ပေးချေနိုင်ရေးအတွက် ၂၉-၄-၂၀၁၆ ရက်နေ့မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရုံး၌ ကျင်းပပြုလုပ်သော လျော်ကြေးငွေနှင့် နစ်နာကြေးငွေ ပေးချေရေးကော်မတီမှ ဆုံးဖြတ်ထားသည့် သီးနှံလျော်ကြေးတန်ဖိုးကို ပျက်စီးဆုံးရှုံးမှုစာရင်း အတည်ပြုပေးနိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ၁၂-၅-၂၀၁၆ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏

အစည်းအဝေးဆုံးဖြတ်ချက်(၁၁/၂၀၁၆)တွင် ကန့်ကွက်ရန်မရှိကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့သော်လည်းပဲ အဆိုပါတောင်သူများ နစ်နာကြေး မရရှိခဲ့သည့်အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ၂၉-၁၁-၂၀၁၆ ရက်နေ့တွင် ယခုလို မေးခွန်းကို တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းတင်ပြခဲ့သည့် လပိုင်းအတွင်းမှာပဲ အဆိုပါဝန်ကြီးဌာနက ၂၀-၁-၂၀၁၇ ရက်နေ့တွင် အဆိုပါသီးနှံလျော်ကြေးကို လာရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါတောင်သူများ နစ်နာမှုအပေါ် အဆိုပါဌာနမှ လာရောက်ပေးအပ်ခဲ့သည့်အတွက် ကျွန်တော့်အနေနဲ့ အထူးပင် ကျေးဇူးတင်ရှိကြောင်းကိုလည်းပဲ ပြောကြားလိုပါတယ်။ သို့သော်လည်းပဲ နစ်နာဆုံးရှုံးခဲ့သည့်ပြည်သူတချို့ကျန်ရှိခဲ့ပါသောကြောင့် အခုလိုအပြုသဘောဆောင် မေးမြန်းရခြင်းဖြစ်သလို ကျွန်တော့်ရဲ့ ချောင်းဆုံမြို့နယ်မှာ ၁၁ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းရာတွင်လည်း ပြည်သူများ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ပါတယ်။ အဆိုပါ ပြည်သူများကိုလည်း နစ်နာဆုံးရှုံးမှုလျော်ကြေး ပေးချေနိုင်ရန်အတွက် ကျွန်တော့်အနေနဲ့ အပြုသဘောဆောင်ပြီး မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ စလင်း၊ ဆင်ဖြူကျွန်းမြို့များရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် စလင်းမြို့နှင့် ၂၃ မိုင် အကွာတွင် တည်ရှိသည့် တညောင် ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံတွင် ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်လျက် ၃၃ ကေဗွီလိုင်းဖြင့် စလင်းမြို့သို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆက်သွယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။　　။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်း၊ ဆင်ဖြူကျွန်းမြို့များရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် စလင်းမြို့နှင့် (၂၃)မိုင်အကွာတွင် တည်ရှိသည့် တညောင် ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံတွင် ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်လျက် ၃၃ ကေဗွီလိုင်းဖြင့် စလင်းမြို့သို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆက်သွယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းက မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ စလင်း၊ ဆင်ဖြူကျွန်းမြို့များ၊ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် စလင်းမြို့နှင့် (၂၃)မိုင်အကွာတွင်တည်ရှိတဲ့ တညောင် ၁၃၂ ကေဗွီဓာတ်အားခွဲရုံမှ ၆၆/၃၃ ကေဗွီဓာတ်အားခွဲရုံတစ်ခု တည်ဆောက်လျက် စလင်းမြို့သို့ ၃၃ ကေဗွီလိုင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆက်သွယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

မေးမြန်းရတဲ့ အကြောင်းအရင်းကတော့ စလင်း၊ ဆင်ဖြူကျွန်းမြို့များမှာ လက်ရှိအိမ်သုံးမီတာက (၁၀၁၃၄)လုံး၊ စက်သုံးမီတာက (၂၄၈)လုံး၊ စုစုပေါင်း (၁၀၃၈၂)လုံးဖြင့် ပြည်သူများ လျှပ်စစ်မီးသုံးစွဲလျက်ရှိပါတယ်။ စလင်း၊ ဆင်ဖြူကျွန်းသို့ မင်းဘူး Gas Turbine မှ ပွင့်ဖြူသို့ ၃၃ ကေဗွီလိုင်း(၂၄)မိုင်ခန့်၊ ပွင့်ဖြူမှ တပ်သို့ ၃၃ ကေဗွီလိုင်း(၁၀)မိုင်ခန့်၊ ပွင့်ဖြူမှ စလင်းသို့ (၁၅)မိုင်ခန့်၊ စုစုပေါင်း(၄၉)မိုင်ခန့်ဖြင့် လျှပ်စစ်ဓာတ်အားလွှတ်ထား၍ ဓာတ်အားသုံးစွဲရကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ဆင်ဖြူကျွန်းမှဆိုလို့ရှိရင် စလင်းမှ ကေဗွီလိုင်းနဲ့ ထပ်ဆင့်ပြီးတစ်ဆင့် ဖြန့်ဖြူးရန် (၇)မိုင်ခန့် ကွာဝေးပါတယ်။ ဒီမှာ တပ်ဆင်ထားတဲ့ ထရန်စဖော်မာ စုစုပေါင်း (၇၁)လုံး တပ်ဆင်ပြီး ဖြစ်ပါတယ်။ မင်းဘူး Gas Turbine မှ စလင်းသို့ (၄၉)မိုင်ကွာဝေးသောကြောင့် ၃၃ ကေဗွီလိုင်းကိုရ၍ လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက် လျှပ်စစ်ဓာတ်အားဆုံးရှုံးမှုများရှိခြင်း၊ စလင်း၊ ဆင်ဖြူကျွန်း လျှပ်စစ်မီးသုံးစွဲသူများမှ ဗို့အားမြှင့်စက်မရှိပါက လျှပ်စစ်ဓာတ်အား ပြည့်ဝစွာမရရှိခြင်း၊ အခြားသဘာဝဘေးဖြစ်တဲ့ လေတိုက်နှုန်းကြီးခြင်း၊ မိုးကြီးခြင်းများ ဖြစ်ပေါ်တဲ့အခါ Line Fault ဖြစ်ခြင်း၊ ဓာတ်တိုင်လဲခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကို မကြာခဏ ကြုံတွေ့ခံစားရပါတယ်။ လျှပ်စစ်ဝန်ထမ်းများ အနေဖြင့်လည်း Line Fault ဖြစ်ခြင်း၊ မီးတိုင်လဲခြင်းတို့အတွက် လိုင်းလိုက်ရာမှာ မိမိတို့မြို့နယ်အတွင်းမှာ လွယ်ကူသော်လည်း မြို့နယ်ခြားနေရာများသွားလာရတဲ့အခါမှာ အခက်အခဲများစွာ ရှိခဲ့ပါတယ်ခင်ဗျား။

အကယ်၍ စလင်းမြို့နယ်အတွင်းမှာရှိတဲ့ တညောင် ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံမှာ ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်လျက် စလင်းမြို့သို့ ၃၃ ကေဗွီလိုင်းဖြင့် ဓာတ်အားရယူသုံးစွဲခွင့် ရရှိမည်ဆိုပါက စလင်း-တညောင် (၂၃)မိုင်ခန့်သာ ကွာဝေး၍ အထက်အပိုဒ် ၂ မှာ ဖော်ပြခဲ့တဲ့ လျှပ်စစ်ဓာတ်အားဆုံးရှုံးမှုတို့၊ လုပ်ငန်းခွင်အခက်အခဲများ အဆင်ပြေချောမွေ့မည်ဖြစ်သလို စလင်း၊ ဆင်ဖြူကျွန်းမှာရှိတဲ့ ပြည်သူများဟာ လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲခွင့် ရရှိလာမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ NEP စီမံကိန်းအရ တိုးပွားလာမယ့် ကျေးရွာ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိမည့် ပြည်သူများအတွက်လည်း အပြည့်အဝ အကျိုးခံစားခွင့်ရရှိမယ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ စလင်း၊ ဆင်ဖြူကျွန်းရှိပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲရေးအတွက် စလင်းမြို့နှင့် (၂၃)မိုင်ခန့်အကွာမှာတည်ရှိတဲ့ တညောင် ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံတွင် ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်လျက် စလင်းမြို့သို့ ၃၃ ကေဗွီလိုင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆက်သွယ်ဆောင်ရွက်ပေးမယ့် အစီအစဉ် ရှိ/မရှိနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အစီအစဉ် မရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၏ မဟာဓာတ်အားလိုင်းမှ မြောက်ဦးမြို့နယ်အတွင်းရှိကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၏ မဟာဓာတ်အားလိုင်းမှ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးထားတဲ့မေးခွန်းနှင့်ပတ်သက်လို့ ဆွေးနွေးတင်ပြပေးပါမယ်။ ယနေ့ကမ္ဘာကြီးကို လျှပ်စစ်ကမ္ဘာကြီးလို့ တင်စားပြောဆိုကြပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးဖို့အတွက် လျှပ်စစ်ဓာတ်အားဟာ အဓိက အခန်းကဏ္ဍက ပါဝင်နေပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ထိုနိုင်ငံမှာရှိတဲ့ လူတစ်ဦးချင်းစီရဲ့ တစ်နေ့တာ သုံးစွဲတဲ့လျှပ်စစ်ယူနစ်ပမာဏနဲ့ တိုင်းတာလျက်ရှိကြတယ်လို့ ပညာရှင်တွေက ဆိုကြပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ ဖွံ့ဖြိုးမှုနှုန်းဟာ အလွန်နိမ့်ကျနေရခြင်းဟာလည်း လျှပ်စစ်ဓာတ်အား မရရှိခြင်းနဲ့ ဓာတ်အားသုံးစွဲခ တစ်ယူနစ်သုံးစွဲမှုနှုန်းထား အဆမတန် များပြားခြင်းတို့ဟာ အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့လွှတ်တော်မှာ ရခိုင်ပြည်နယ် တစ်ခုလုံး မဟာဓာတ်အားလိုင်းရရှိဖို့အတွက် ကျွန်တော် တင်ပြတောင်းဆိုခဲ့ပါတယ်။ ပြည်သူတွေကလည်း လှုပ်ရှားမှုတွေနဲ့ တောင်းဆိုခဲ့ကြပါတယ်။ အခုတော့ မြို့အနည်းငယ်ကျန်တာကလွဲလို့ အများစု ရနေကြပါပြီ။ လျှပ်စစ်ဓာတ်အားကို မီးလင်းရေးတစ်ခုတည်းကိုသာ အဓိကမထားဘဲ ကုန်ထုတ်လုပ်မှုအတွက်ပါ ဦးတည်ချက်ထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် မြို့ပြလောက်ကိုသာ မဟာဓာတ်အားလိုင်းရရှိပြီး ကျေးလက်ကို ချန်လှပ်ထားခဲ့ရင် ကျေးလက်ဒေသတွေရဲ့ဖွံ့ဖြိုးမှုဟာ နှေးကွေးနောက်ကျနေမှာဖြစ်ပါတယ်။ ဒါကြောင့် မြို့ပြ၊ ကျေးလက်ခွဲခြားမှုမရှိဘဲ တစ်ပြေးညီဖွံ့ဖြိုးရေးအတွက် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရန် လိုအပ်ပါတယ်။ Turbine အင်ဂျင်စက်တွေ လည်ပတ်ဖို့အတွက်ဆိုရင်လည်း ကျွန်တော်တို့ ရခိုင်ပြည်နယ်မှ ကမ်းလွန်ရေနံနဲ့ သဘာဝဓာတ်ငွေ့လည်း များစွာထွက်ရှိနေပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြောက်ဦးမြို့နယ်ရှိ ကျေးရွာများအားလုံး မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး မေးမြန်းသည့် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ သိမ်ကုန်းကျေးရွာတွင် ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း(၁၉)ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လက်ရှိပင်းတယဓာတ်အားခွဲရုံဝန်းအတွင်း၌ ၆၆/၃၃ ကေဗွီ၊ ၅ အမ်ဗွီအေ၊ ထရန်စဖော်မာမှတစ်ဆင့် ၃၃ ကေဗွီဓာတ်အားလိုင်းကို ဆက်လက်ချိတ်ဆက်ကာ သိမ်ကုန်းကျေးရွာအုပ်စုတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ (၁)ရုံ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးရမှာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့ သိမ်ကုန်းကျေးရွာသို့ ရောက်ရှိအောင် ၃၃ ကေဗွီလိုင်း(၉)မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ပေးရေးအတွက် လိုအပ်သော ဘတ်ဂျက်ရန်ပုံငွေကျပ်(၁,၈၀၅.၅)သန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ဂျာမနီနိုင်ငံ၊ German Development Bank (KFW) ဘဏ်၏ချေးငွေ ယူရိုသန်း(၃၀) ရယူကာ ဆောင်ရွက်သွားမည့် စီမံချက်တွင်ပါဝင်သော လုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌမှတစ်ဆင့်ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်သည့် မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ငြေး မေးမြန်းသည့် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အတွင်းသို့ ၆၆ ကေဗွီဓာတ်အားလိုင်း သွယ်တန်းရာတွင် ပြည်သူများ၏ လယ်ယာမြေနှင့် သီးပင်စားပင်နှင့် နစ်နာကြေးပေးချေရေးအတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသော ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

အဆိုပါဓာတ်အားလိုင်းတည်ဆောက်ရာတွင် ပျက်စီးဆုံးရှုံးခဲ့သော လယ်ယာမြေနှင့် သီးပင်စားပင်နှင့် နှစ်ရှည်ခြံပိုင်ရှင်(၁၇)ဦးနှင့် ချောင်းဆုံမြို့နယ်အတွင်းရှိ ခြံပိုင်ရှင်(၉၃)ဦးအတွက် လျော်ကြေးငွေနှင့် နစ်နာကြေးငွေများကို မွန်ပြည်နယ်အစိုးရအဖွဲ့၏အတည်ပြုချက်အရ ၂၉-၄-၂၀၁၆

ရက်နေ့တွင် အတည်ပြုသတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ထိုသို့အတည်ပြုသတ်မှတ်ခဲ့သော်လည်း ပေးချေရမည့်လျော်ကြေးငွေနှင့် နစ်နာကြေးများပမာဏမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ခွဲဝေရရှိမှု လုံလောက်မှုမရှိခဲ့သည့်အတွက် ဆောလျင်စွာ ပေးချေနိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။

သို့ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထပ်မံတင်ပြတောင်းခံထားရာ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး တစ်ပါတည်းဆွေးနွေးသွားသကဲ့သို့ ၂၀-၁-၂၀၁၇ ရက်နေ့တွင် လယ်ယာမြေနှင့် သီးပင်စားပင်နှင့် နှစ်ရှည်ခြံပိုင်ရှင် (၁၇)ဦးနှင့် ချောင်းဆုံမြို့နယ်အတွင်းရှိ ခြံပိုင်ရှင်(၉၃)ဦးအတွက် လျော်ကြေးငွေနှင့်နစ်နာကြေးငွေ (၄၅,၂၃၀,၇၀၀)တိတိအား အကျေပေးချေပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တစ်ဆက်တည်းတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးချက်တွင်ပါရှိသော ၁၁ ကေဗွီအေလိုင်းများတည်ဆောက်ရာတွင် ထပ်မံနစ်နာနေသူများနှင့် အခြားကိစ္စရပ်များမှာ မူလမေးခွန်းတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသည့်အတွက် တစ်ပါတည်း ဖြေကြားနိုင်ခြင်း မရှိပါကြောင်းဖြင့်ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

တတိယမေးခွန်းဖြစ်သည့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် မေးမြန်းသည့် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ စလင်း-ဆင်ဖြူကျွန်းမြို့များ၊ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် စလင်းမြို့နှင့် (၂၃) မိုင်အကွာတွင်တည်ရှိသော တညောင် ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံတွင် ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံ(၁)ရုံ တည်ဆောက်လျက် စလင်းသို့ ၃၃ ကေဗွီလိုင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

မကွေးတိုင်းအတွင်းရှိ မန်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ပွင့်ဖြူသို့ ၃၃ ကေဗွီလိုင်း (၁၈.၄)မိုင်၊ ပွင့်ဖြူမှစလင်းသို့ ၃၃ ကေဗွီလိုင်း (၁၇)မိုင် တည်ဆောက်ထားတာ ဖြစ်တဲ့အတွက်ကြောင့် မန်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှ စလင်းအထိ ၃၃ ကေဗွီလိုင်းမှာ (၃၅.၄)မိုင် ကွာဝေးတာဖြစ်ပါတယ်။ စလင်းမြို့တွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ (၁)ရုံ တည်ဆောက်ကာ ဓာတ်အားပေးထားတာဖြစ်ပြီး စလင်းမှတစ်ဆင့် ၁၁ ကေဗွီလိုင်း(၇)မိုင်တည်ဆောက်၍ ဆင်ဖြူကျွန်းသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားတာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဓာတ်အားလိုင်းများ၏ အကွာအဝေးမှာ များစွာကွာဝေးခြင်းမဟုတ်ဘဲ နည်းပညာအရ သင့်တင့်လျောက်ပတ်တဲ့ အခြေအနေရှိပါတယ်။ သို့ရာတွင် မန်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှာ ယခင်ကဓာတ်အားထုတ်လုပ်နိုင်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုအခါ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်ခြင်း မရှိတဲ့အတွက်ကြောင့် လျှပ်စစ်ဓာတ်အားရရှိနိုင်မှုဟာ မဟာဓာတ်အားလိုင်းစနစ်မှတစ်ဆင့်သာ ဓာတ်အားဖြန့်ဖြူးပေးနေတာဖြစ်ပါတယ်။ မေးခွန်းတွင်ပါရှိသည့် စလင်းမြို့တွင် ၃၃/ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ

လက်ရှိတပ်ဆင်ထားပြီး လက်ရှိဝန်အားမှာလည်း (၂.၈)မဂ္ဂါဝပ်သာ ရှိသည့်အတွက် တပ်ဆင်ထားသည့် ထရန်စဖော်မာနှင့် ဝန်အားမှာ လက်ရှိနိုင်နင်းမှုရှိနေပြီးဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးမှာ လျှပ်စစ်ဓာတ်အားမရရှိသေးသော မြို့များ၊ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ဦးစားပေးဆောင်ရွက်နေရတာ ဖြစ်တဲ့အတွက်ကြောင့် လက်ရှိလျှပ်စစ်ဓာတ်အားရရှိပြီးတဲ့ဒေသတွေမှာ ထပ်မံတိုးချဲ့ဖို့ဆိုတာဟာ လိုအပ်ချက် တကယ်အမှန်အကန်ရှိမှ တိုးချဲ့သင့်တာလည်းဖြစ်ပါတယ်။ လက်ရှိတည်ဆောက်ပြီး ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံများကိုလည်း ကျွန်တော်တို့ ဦးစားပေးပြုပြင်ရတဲ့အတွက် စရိတ်စကများလည်း ကျခံနေရတာဖြစ်ပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် စလင်းမြို့နှင့် (၂၃)မိုင်အကွာတွင်တည်ရှိသော တညောင် ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံတွင် ၆၆/၃၃ ကေဗွီခွဲရုံ(၁)ရုံတည်ဆောက်ပြီး စလင်းမြို့သို့ ၃၃ ကေဗွီလိုင်း တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။

သို့ရာတွင် စလင်းနှင့် ဆင်ဖြူကျွန်းမြို့များတွင် နောင်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူဦးရေ အမှန်တကယ်တိုးတက်လာပြီး လက်ရှိတည်ဆောက်ထားသော ၅ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် နိုင်နင်းမှုမရှိသည့်အခြေအနေကို စစ်ဆေးတွေ့ရှိရပါက တညောင်တွင် တည်ဆောက်ထားသော ၁၃၂/၆၆/၁၁ ကေဗွီ တညောင်ပင်မဓာတ်အားခွဲရုံတွင် ၆၆/၃၃ ကေဗွီ၊ ၂၀ အမ်ဗွီအေ ထရန်စဖော်မာ(၁)လုံး တပ်ဆင်သွားမှာဖြစ်ပြီး၊ စလင်းမြို့သို့ဓာတ်အားချိတ်ဆက်နိုင်ရေးအတွက် ၃၃ ကေဗွီလိုင်း (၂၃)မိုင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆင်ဖြူကျွန်းတွင် ၃၃ ကေဗွီလိုင်း(၈)မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ရန် ရေရှည်စီမံချက်အဖြစ် ဝန်ကြီးဌာနမှ (၅)နှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားတာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

သို့ပါ၍ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်များတွင် တိုင်းတာခြင်းလုပ်ငန်းများအတွက်လည်းကောင်း၊ ခွဲရုံနှင့် ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ဘတ်ဂျက်များကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်များတွင်လည်းကောင်း ထည့်သွင်းလျာထားကာ ဘတ်ဂျက်ရန်ပုံငွေ ပြည့်စုံလုံလောက်စွာ ခွင့်ပြုမှုရရှိသော နှစ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဥ်နိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

စတုတ္ထမေးခွန်းဖြစ်သည့် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းသည့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၏ မဟာဓာတ်အားလိုင်းမှ တစ်ဆင့် ၎င်းမြို့နယ်အတွင်းရှိ ကျေးရွာများအားလုံးကို လျှပ်စစ်ဓာတ်အားပေးရန် အစီအစဥ်ရှိ/မရှိနှင့် စပ်လျဥ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့သို့ ဓာတ်အားဖြန့်ဖြူးရန် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှတစ်ဆင့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦး ဓာတ်အားလိုင်းကို တည်ဆောက်ပြီးစီးခဲ့ပြီး ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မြောက်ဦးဓာတ်အားခွဲရုံကို ၂၀၁၄ ခုနှစ်တွင် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားခဲ့တာ

ဖြစ်ပါတယ်။ မြောက်ဦးမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်(၇)ရပ်ကွက်နှင့် ကျေးရွာပေါင်း(၂၄၈)ရွာ ရှိပါတယ်။ လက်ရှိတွင် မြောက်ဦးဓာတ်အားခွဲရုံမှ မြို့ပေါ်(၇)ရပ်ကွက်လုံးနှင့် ကျေးရွာ(၁)ရွာအား ဓာတ်အား စတင်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးရန် ကျန်ရှိသော ကျေးရွာ(၂၄၇)ရွာအနက် (၁၁၃)ရွာအား လတ်တလော အခြေအနေတွင် ဒီဇယ်ဓာတ်အားပေးစက်များ၊ ဆိုလာများဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။

မြောက်ဦးမြို့နယ်ရှိ ကျေးရွာ(၁၀)ရွာအား ဓာတ်အားစနစ်မှ ဓာတ်အားဆက်လက်ဖြန့်ဖြူးနိုင်ရန် လိုအပ်သော ၁၁ ကေဗွီ ဓာတ်အားလိုင်း (၆.၅၅)မိုင်၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ (၁၀)လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း(၇.၈၉)မိုင် တို့အား အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သော ဘတ်ဂျက်ရန်ပုံငွေ(၇၇၄.၇၅)ကျပ်သန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်ရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများပြီးပါက အဆိုပါ(၁၀)ရွာကို မြောက်ဦးဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။

ပိုးဖြူကျွန်း၊ ကျောက်တွင်းကုန်း၊ ဇင်လနိကုန်း၊ ရွာဟောင်းတော၊ မောင်သာကုန်း၊ ပီပင်ကုန်း စသည့် ကျေးရွာ(၆)ရွာအား ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၁၁ ကေဗွီလိုင်း (၅.၉)မိုင်၊ ထရန်စဖော်မာ (၅)လုံးနှင့် ၄၀၀ ဗို့လိုင်း (၄.၃)မိုင် တည်ဆောက်ရန် လိုအပ်ပါတယ်။ အဆိုပါလိုအပ်သော ဘတ်ဂျက် ရန်ပုံငွေ(၅၁၈.၇၅)ကျပ်သန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးတာ ဖြစ်ပါတယ်။ ဘဏ္ဍာငွေရရှိပါက တည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

မြောက်ဦးမြို့နယ်အတွင်း ဓာတ်အားစနစ်မှ ဓာတ်အားရရှိရန် ဆက်လက်ကျန်ရှိနေသော ကျေးရွာများကို ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ အတွင်း ဝန်ကြီးဌာန မှဆောင်ရွက်မည့် (၅)နှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားသည့် ၆၆ ကေဗွီ မြောက်ဦးခွဲရုံမှ တိမ်ညိုကျေးရွာသို့ ၆၆ ကေဗွီလိုင်း (၁၅)မိုင်၊ တိမ်ညိုကျေးရွာတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ၊ မင်းပြား ၆၆/၃၃ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ကျွဲတဲကျေးရွာသို့ ၃၃ ကေဗွီ ဓာတ်အားလိုင်း(၁၃)မိုင်၊ ကျွဲတဲကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေခွဲရုံ (၁)ရုံ၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦးဓာတ်အားလိုင်းမှ မောင်နှမကျေးရွာသို့ ၆၆ ကေဗွီဓာတ်အားလိုင်း (၈)မိုင်နှင့် မောင်နှမကျေးရွာတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံစသည့် တည်ဆောက်ရေးလုပ်ငန်း များကို ဆောင်ရွက်ပြီးစီးမှသာ ကျေးရွာများကို ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာဖြစ်ပြီး အဆိုပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက်လိုအပ်သော ဘဏ္ဍာရန်ပုံငွေကို နောင်လာမည့်နှစ်များတွင် တင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှုအပေါ် မူတည်ကာ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် အနောက်ဘက်ခြမ်းတွင် Mobile ဆက်သွယ်ရေးလွှမ်းခြုံနိုင်ရေး စီစဉ်ထားရှိမှုအခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် အနောက်ဘက်ခြမ်းတွင် Mobile ဆက်သွယ်ရေး လွှမ်းခြုံနိုင်ရေး စီစဉ်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လေးစားပါကြောင်း ဦးစွာတင်ပြပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဖလမ်းမြို့နယ် အနောက်ဘက်ခြမ်းတွင် Mobile ဆက်သွယ်ရေး လွှမ်းခြုံနိုင်ရေး စီစဉ်ထားရှိမှု အစီအစဉ်များအား ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းခြင်းဖြစ်ပါတယ်။

အထက်ပါကိစ္စနှင့်ပတ်သက်ပြီးတော့ ဖလမ်းမြို့နယ် အနောက်ဘက်ခြမ်းမှ ပြည်သူများ အနေဖြင့် အိန္ဒိယနိုင်ငံမှ Mobile ဖုန်းများ သုံးစွဲနေရသဖြင့် ကုန်ကျစရိတ်များပြားခြင်း၊ Top Up ငွေဖြည့်ကတ်များ ဝယ်ယူရန်ခက်ခဲခြင်း၊ ပြည်တွင်းဖုန်းများနှင့် ဆက်သွယ်ရန် ခက်ခဲခြင်း အစရှိတဲ့ ပြဿနာများနဲ့ ကြုံတွေ့နေရပါတယ်။ Mobile ဆက်သွယ်ရေးလွှမ်းခြုံနိုင်ရေးဟာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ Quality of Life ဖွံ့ဖြိုးတိုးတက်ရေးအဝဝအတွက် လွန်စွာအရေးကြီးပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း Mobile ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ MPT၊ Telenor၊ Ooredoo ဆက်သွယ်ရေးလိုင်းများမှ အဆိုပါဒေသအတွင်း မိုဘိုင်းဆက်သွယ်ရေး လွှမ်းခြုံနိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေအား မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရှမ်းတပ်ကုန်းရွာ (အောက်ကျင်း) ပနီးချောင်း အရှေ့ဘက် ကမ်းပါးများ ရေတိုက်စားခြင်း အန္တရာယ်မှ ကြိုတင်ကာကွယ်ရန်အတွက် ရေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး က မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရှမ်းတပ်ကုန်းရွာ (အောက်ကျင်း) ပနီးချောင်း အရှေ့ဘက်ကမ်းပါးများ ရေတိုက်စားခြင်း အန္တရာယ်မှ ကြိုတင်ကာကွယ်ရန်အတွက် ရေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရှမ်းတပ်ကြီးကျေးရွာအုပ်စု၊ ရှမ်းတပ်ကုန်းရွာ (အောက်ကျင်း) ပနီးချောင်း အရှေ့ဘက်ကမ်းပါးများ ရေတိုက်စားခြင်းကြောင့် ကမ်းပါးများ ပြိုကျခြင်းအတွက် ရေထိန်းနံရံ တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုပါ ကမ်းပါးပတ်လည်လမ်းဟာ ယခင်က လှည်းများ၊ ကားများ မောင်းနှင်သွားလာနိုင်သော်လည်း ယခုအခါမှာ ချောင်းရေတိုက်စားမှုကြောင့် လူနေအိမ်ခြေ(၃)လုံး၊ ရွှေ့ပြောင်းခဲ့ရပါတယ်။ ဆက်လက်၍ သာသနိကအဆောက်အအုံများဖြစ်သော ဘုန်းတော်ကြီးကျောင်း၊ သိမ်၊ ဇရပ်နှင့် လူနေအိမ်ခြေ တိုက်(၁)လုံးမှာလည်း စိုးရိမ်ဖွယ် အန္တရာယ်နဲ့ ကြုံတွေ့နေရပါ တယ်ရှင်။ ၎င်းကမ်းပါးပြိုကျသည့် အလျားအရှည်မှာ ပေ(၄၀၀)ရှိ၍ အမြင့်မှာပေ(၃၀၀)ပတ်ဝန်းကျင် ရှိပါတယ်။ လက်ရှိသွားလာနေထိုင်သော အိမ်ခြေမှာ (၅၀၀)ကျော်နှင့် လူဦးရေမှာ (၂၀၀၀)ကျော် ရှိပါတယ်။ ပညာရေးကဏ္ဍ၊ ကျန်းမာရေးအပိုင်းများတွင်လည်း သွားလာမှုခက်ခဲနေတဲ့လမ်းဖြစ်ပါတယ်။ အ-ထ-က ကျောင်း(ခွဲ)ရှမ်းတပ်ကုန်းရွာကို တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူကလည်း (၃၇၅)ယောက်ရှိပြီး လက်ရှိအချိန်မှာ ကျောင်းသားများလည်း သွားလာမှုခက်ခဲလျက်ရှိပါတယ်။

သို့ပါသောကြောင့် ဆက်လက်၍ ချောင်းကမ်းပါးပြိုကျခြင်းမှ ကာကွယ်ပေးရန်အတွက် မြေထိန်းနံရံတည်ဆောက်ရန် အမှန်တကယ် လိုအပ်လျက်ရှိကြောင်းကိုလည်း ကိုယ်ကိုယ်တိုင် မြင်တွေ့ခဲ့ရပါတယ်။ ရေတိုက်စားမှုဟာ နှစ်စဉ်ဖြစ်ပေါ်နေပါသဖြင့် ချောင်းကမ်းပါးရေတိုက်

စားခြင်းအန္တရာယ်မှ ကြိုတင်ကာကွယ်ရန်အတွက် ရေထိန်းနံရံရရှိရန် ကူညီဆောင်ရွက်ပေးနိုင်ပါရန်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မပါဝင်ခဲ့ပါကလည်း နောင်လာမည့်နှစ်များတွင် ထည့်သွင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်ရှင့်။ လေးစားစွာဖြင့် အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပထမဦးစွာချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း က မေးမြန်းလာတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ အချိန်ကို သက်သာစေရန်နှင့် လျင်မြန်စွာ ရှင်းလင်းဖော်ပြနိုင်ရန် Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

အားလုံး Power Point မှာ တင်ပြထားတဲ့အတိုင်းပဲ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်ထားတဲ့ GSM Mobile Phone နေရာများ ဖြစ်ပါတယ်။ အဲဒီနေရာ(၆)နေရာကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ တပ်ဆင်ထားပါတယ်။ ဖလမ်းမှာ မိုက္ကရိုဝေ့ဗ် စခန်းတစ်ခုရှိတယ်။ ဗားလုံမှာရှိတယ်။ အသဲကွဲတောင်မှာရှိတယ်။ သုဖိုင်မှာရှိပါတယ်။ အောက်ဆုံး(၂)ခုကတော့ ဒီ ဖလမ်းအနောက်ခြမ်းမှာရှိသော ရန်လှလိုကျေးရွာနဲ့ လုံပီးကျေးရွာမှာ တည်ဆောက်ထားခြင်းဖြစ်ပြီး၊ ၂၀၁၆ ခုနှစ်အတွင်းမှာ ပြီးစီးတဲ့ Mobile စခန်းများ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ Telenor ကဆောက်တဲ့ (၄)ခုပါ။ ဒါလည်း ဖလမ်းမြို့နယ်အတွင်းမှာ ဆောက်တဲ့ (၄)ခုကို ဖော်ပြတာဖြစ်ပါတယ်။ ကျင်မွားရပ်ကွက် အမှတ်(က/၂)မှာ တာဝါတိုင်(၁)တိုင်နဲ့ စခန်းတစ်ခု ဆောက်ပါတယ်။ ကျင်ဟွန်းရွာမှာ တစ်ခု ဆောက်ပါတယ်။ ဝီဘမ်းကျေးရွာမှာ ဆောက်ပါတယ်။ ရီခေါဒါ မှာတော့ဝေးပါတယ်။ အဲဒီမှာ တစ်ခု ဆောက်ထားပါတယ်။ ဒါလည်းပဲ ၂၀၁၆ ခုနှစ်အတွင်းဆောက်တဲ့ (၄)ခုကို ဖော်ပြတာဖြစ်ပါတယ်။ Ooredoo က (၇)ခုဆောက်ထားပါတယ်။ အဲဒီမှာလည်း ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ဖလမ်းအနောက်ခြမ်းက ရန်လှလိုကျေးရွာနဲ့ လုံပီးကျေးရွာမှာပဲ နောက်တစ်ခုစီ Ooredoo က ဆောက်ထားတာ ဖြစ်ပါတယ်။ နောက်ဟာကတော့ အောက်က(၅)ခုကတော့ ဇောင်လေးကျေးရွာ၊ ဇောင်ကောင်းကျေးရွာ၊ ဆောင်ဒိုကျေးရွာနဲ့ လန်ဘန်းကျေးရွာ၊ ဂေါင်းလီကျေးရွာတို့မှာ တည်ဆောက်ထားတဲ့ အခြေအနေဖြစ်ပါတယ်။ လွှမ်းခြုံထားမှု အခြေအနေကို မြေပုံမှာတင်ပြထားတဲ့အတိုင်းပဲ စခန်း(၆)ခုက MPT အဝါရောင်တွေက MPT

(၆)ခုဖြစ်ပါတယ်။ အပြာရောင်တွေက GSM (၄)ခု ဖြစ်ပါတယ်။ Ooredoo က (၇)ခု ဖြစ်ပါတယ်။ လောလောဆယ် တည်ဆောက်ထားတဲ့ အခြေအနေတွေကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်း ဖြေပါမယ်။ ဒုတိယမေးခွန်းက မကွေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ရဲ့ ကြယ်ပွင့်ပြ မေးခွန်းဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရှမ်းတပ်ကြီးကျေးရွာ၊ ရှမ်းတပ်ကြီးရွာ (အောက်ကျင်း) ပနီးချောင်း အရှေ့ဘက်ကမ်းပါးများ ရေတိုက်စားခြင်းကြောင့် ကမ်းပါးများပြိုကျခြင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း ဖြစ်ပါတယ်။

အဲဒီမှာလည်းပဲ ကျွန်တော် Power Point သုံးစွဲပြီး တင်ပြခွင့်ပြုပါခင်ဗျား။ အဲဒီမှာ ကျွန်တော်တို့က ဒီတိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးပေါ့။ ဧရာဝတီမြစ်ကြီးဟာ မြစ်ကြီးက အိုလာတယ်၊ တိမ်ကောလာတယ်။ ဒါကြောင့် တောက်လျှောက်ပဲ ကမ်းပါးပြို၊ ကမ်းပါးစားမှု၊ ရေကြီးမှုတွေနေရာအနှံ့အပြား၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့အပြားမှာ ဖြစ်ပေါ်နေပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ အဆိုးဆုံးအခြေအနေတွေကို တန်းစီဇယားနဲ့စစ်ပြီးတော့၊ ခွဲခြားပြီးတော့ အသုံးပြုရပါတယ်။ အဲဒီမှာ ပြည်ထောင်စုရန်ပုံငွေကတော့ (၃)ခု ပါပါတယ်။ မကွေးတိုင်းမှာ (၃)ခုပါတော့ အဲဒီ (၃)ခုက ပြည်ထောင်စုရန်ပုံငွေက(၁)ခု၊ သီးသန့်ရန်ပုံငွေက(၂)ခုမှာလည်းပဲ ဒီစလင်းမြို့နယ်၊ သနပ်ကုန်း၊ ရေစကြိုမြို့နယ်၊ နန်းဦးကျေးရွာနဲ့ ပခုက္ကူမြို့နယ်၊ ကျွန်းညိုကြီးကျေးရွာ ကာကွယ်ရေးလုပ်ငန်းတွေကို ပြည်ထောင်စု ရန်ပုံငွေနဲ့ လုပ်ခဲ့ပါတယ်။

ဒါ တိုင်းဒေသကြီးကတော့ ရန်ပုံငွေ သန်းပေါင်း(၃၀၀၀)ကျော်ရပါတယ်။ ရတဲ့ဟာကို ကျွန်တော်တို့ (၈)ခုလုပ်ပါတယ်။ အဲဒီမှာလည်းပဲ ရေစကြိုမြို့နယ်၊ ရေစကြိုမြို့ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းလုပ်ပါတယ်။ ရေစကြိုမြို့နယ်၊ ငါးမြောကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ပါတယ်။ စလင်းမြို့နယ်၊ ဘိုကုန်း-ကြူတော၊ စလင်းမြို့နယ်၊ တလင်းကြီးကုန်း၊ ပွင့်ဖြူမြို့နယ်၊ သံကိုင်း၊ အဲဒီနေရာတွေတော့ ကျွန်တော် တနင်္ဂနွေနေ့ကကိုပဲ လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေတွေကို လိုက်ပြီးတော့ စစ်ဆေးထားပါတယ်။

နောက်ထပ် အဲဒီဟာ (၃)ခု အဲဒါဟာ ကျွန်တော်တို့ မင်းဘူးမြို့နယ်၊ သနပ်ပင်စုကျေးရွာ၊ မင်းဘူးမြို့နယ်၊ နိဗ္ဗာန်ကျွန်းကျေးရွာ၊ မင်းလှမြို့နယ်၊ မင်းလှအမှတ်(၁)ရပ်ကွက် ကမ်းပြိုကျေးရွာတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးရဲ့ ဖြည့်စွက်ရန်ပုံငွေနဲ့ နံပါတ်(၉)ခုမြောက်ကို ဇီးတောကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို လုပ်ခဲ့ရပါတယ်။ ဒါတွေကတော့ ခုနတုန်းက ပြောတဲ့ ကမ်းပါးပြိုမှု များပြားစွာဖြစ်ပေါ်ပြီးတော့ အိမ်တွေ၊ ရွာတွေ ရွှေ့ရပါတယ်။ လယ်တွေ ဆုံးရှုံးပါတယ်။ အဲဒီဟာတွေကို အဓိကထားပြီးတော့ လောလောဆယ် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဆိုရင် ခုနကပြောတဲ့ ပနီးချောင်းရွာနဲ့ ပနီးချောင်းအရှေ့ဘက်ကမ်းကို တိုက်စားမှုကိုရော ကျွန်တော်တို့ လိုက်စစ်ပါတယ်။ ဒီဇင်ဘာလထဲကပဲ လိုက်ပြီးတော့ စစ်ဆေးတာ။ အဲဒီအခါမှာ သူက ပနီးချောင်းထဲကို မိုးတွင်းရေများချိန်မှာ ရေအနက်(၉)ပေအထိမြင့်တက်ပြီးတော့ ရေစီးနှုန်းများပါတယ်။ ရေနည်းချိန်မှာကျတော့ ရေအနက်က (၃)ပေပဲ ရှိပြီးတော့ ရေစီးနှုန်းကပုံမှန်ပဲ ရှိပါတယ်။

ကျွန်တော်တို့ စိစစ်လိုက်တဲ့အခါမှာ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်၊ (၅)နှစ်အတွင်းမှာ အလျားပေ (၄၀၀)နှင့် အနံ(၁၀၀) ကမ်းပြိုခဲ့ပြီးတော့ လူနေအိမ်(၃)လုံးနဲ့ ရွာပတ်လမ်း ရေတိုက်စားခံခဲ့ရတယ်ဆိုတာကို စိစစ်တွေ့ရှိရပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ ရေတိုက်စားကမ်းပါးပြိုမှုမရှိဘူးလို့သိရပါတယ်။

ဒါ ကျွန်တော်တို့ မှတ်တမ်းတင်ဓာတ်ပုံတွေ ဖြစ်ပါတယ်။ ကမ်းပြိုတဲ့နေရာကလည်း အဲဒီမှာတွေ့ရပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ဟာ လုပ်ခဲ့မယ်ဆိုရင် ခုနတုန်းက ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်းပဲ ကျွန်တော်တို့ ဘယ်လိုကာကွယ်မလဲဆိုတာကို အသေးစိတ် စိစစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အပြာရောင်တွေက ကမ်းပါးကို ထိန်းမယ့် နံရံတွေဖြစ်ပါတယ်။ အဝါရောင်(၅)တန်းကတော့ ကျွန်တော်တို့ ရေကာတန်းလေးတွေလုပ်ပြီးတော့ ရေကြောင်းပြောင်းလဲအောင် အဲဒီဘက်မှာ သောင်ကျလာပြီးတော့ ရေစီးမှန်သွားအောင် ကျွန်တော်တို့ လုပ်မယ့် အစီအစဉ် ဖြစ်ပါတယ်။

အဲဒီအတွက် ကျွန်တော်တို့က ရေလွှဲရေကာလုပ်မယ့်ဟာ (၅)ခုလုံးမှာ (၃၇)သန်းကျော်ကျပြီးတော့ ကမ်းထိန်းနံရံဟောင်းရဲ့ အထက်ဘက်နဲ့ Steel Basket မြေထိန်းနံရံတည်ဆောက်မှာက (၄၃)သန်းကျော် ပါတယ်။ အားလုံးပေါင်း (၈၁)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ဒီနှစ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ရဲ့ မူရင်းမှာမပါဘူး။ ဒီလိုဆိုရင်တော့ အဲဒါကို ဘယ်လိုလုပ်မလဲဆိုပြီးတော့ မကွေးတိုင်းဒေသကြီးအစိုးရနဲ့ ကျွန်တော်တို့ ညှိနှိုင်းလိုက်တဲ့အခါကျတော့ သူက ၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံသွားမယ်လို့ သိရှိရပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးအား မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ဥပဒေကြမ်းကော်မတီရဲ့ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်း အပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း**
**အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁)၁/ ၂၀၁၇ -၁၀၃
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်

၁။ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ၁၄ -၂ -၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော်တို့ ဖတ်ကြားတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် တို့က ၂၂-၂-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် (၂၈-၂-၂၀၁၇) ရက်နေ့မှာ တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို လေ့လာစိစစ်ပြီးတော့ လေ့လာတွေ့ရှိချက်များအနေနဲ့ -

(က) လက်ရှိတူးဖော်လုပ်ကိုင်နေသူများအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးမှုမရှိဘဲ ဥပဒေကို တိကျစွာလိုက်နာ ဆောင်ရွက်နိုင်စေရန် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော “အနက်ပေ ၁၀၀၀ ထက်မပိုသော” ဆိုတဲ့ စကားရပ်ကို “အနက်ပေ ၂၀၀၀ ထက်မပိုသော” ဆိုတဲ့ စကားရပ်ဖြင့် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) နိုင်ငံတော်ရဲ့သယံဇာတများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ တိုးတက်ရရှိစေရန် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၁၅၊ အပိုဒ်ခွဲ (ဇ) ရဲ့အောက်မှာ အပိုဒ်ခွဲ (ဈ) အဖြစ် -

“၁၅။(ဈ)ရေနံတွင်းတိမ်မှ ထွက်ရှိသည့် ရေနံ၏ သတ်မှတ်ပမာဏ အချိုးအစားကို ဝန်ကြီးဌာနသို့ ပေးသွင်းစေခြင်း” လို့ဖြည့်စွက်သင့်ကြောင်း အကြံပြုထားပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးတဲ့ ကိုယ်စားလှယ်များ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး ဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော နာယကကြီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်း ကော်မတီရဲ့ဥပဒေကြမ်းခေါင်းစဉ်ပြင်ဆင်ချက်ကို တင်ပြပါမယ်။

ရေနံတွင်းတိမ် တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် )

၁၃၇၈ ခုနှစ်၊ လ၊ ရက်

(၂၀၁၇ ခုနှစ်၊ လ၊ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။ ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ်ပြင်ဆင်ချက်ကို လွှတ်တော်ကအတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်း ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁ နှင့် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ) တို့ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ -

၁။ ဤဥပဒေကို ရေနံတွင်းတိမ်တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ (ဂ) ရေနံတွင်းတိမ်ဆိုသည်မှာ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လူအင်အား သို့မဟုတ် စက်အင်အား သို့မဟုတ် အင်အားနှစ်ရပ်စလုံးဖြင့် အနက်ပေ(၂၀၀၀) ထက်မပိုသော ရေနံတူးဖော်ထုတ်လုပ်သည့်တွင်းကိုဆိုသည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂ (ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂ (ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၅၊ အပိုဒ်ခွဲ (ဃ) (င) (ဈ) တို့ကို တင်ပြပါမယ်။

၁၅။ (ဃ) လိုင်စင်အားရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဆိုင်ရာ အရေးယူ ဆောင်ရွက်ရန် အချက်များ ပေါ်ပေါက်ပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း။

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ရေနံတွင်းတိမ်မှ ရေနံတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရေနံတွင်းတိမ်မှထွက်ရှိသော ရေနံများကိုသိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း၊ စိစစ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

(ဈ) ရေနံတွင်းတိမ်မှထွက်ရှိသည့် ရေနံ၏သတ်မှတ်ပမာဏ အချိုးအစားကို ဝန်ကြီး ဌာနသို့ပေးသွင်းစေခြင်း။

ဒီပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ (ဃ)(င)(ဈ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅(ဃ)(င)(ဈ)သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဆက်လက်ပြီးတော့ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၅ ပြင်ဆင်ချက်များကို တင်ပြပါမယ်။

၁၈။　(ဂ)　ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ)ပါ အရေးယူဆောင်ရွက်ချက် တစ်ရပ်ရပ် ချမှတ်ခြင်း ခံရသူသည် ထိုသို့အရေးယူဆောင်ရွက်ချက် ချမှတ်ခြင်းခံရသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးဌာနသို့ ပြန်လည်သုံးသပ်ပေးနိုင်ရန် တင်ပြနိုင်သည်။ ဝန်ကြီးဌာန သည် ယင်းတင်ပြလာမှုအပေါ် စိစစ်၍ မူလဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။ ဝန်ကြီးဌာန၏အဆုံးအဖြတ်သည် အပြီးအပြတ် အတည် ဖြစ်သည်။

၂၀။　လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)ပါ တာဝန်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း(၅၀)အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှု သို့မဟုတ် ပျက်စီးမှု သို့မဟုတ် လူမှုစီးပွားထိခိုက်မှုအတွက် ကုစားရသည့် ကုန်ကျစရိတ်များကို ထိုသူက ပေးလျော်စေရမည်။

၂၅။　ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ယှဉ်ပြိုင်မှုကို ကန့်သတ် ထိန်းချုပ်သည့်ဆောင်ရွက်ချက်များဖြစ်သည့် လက်ဝါးကြီးအုပ် လုပ်ကိုင်ခြင်းများ မပေါ်ပေါက်စေရန် ဝန်ကြီးဌာနကထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈ (ဂ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈ (ဂ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်တွင်ပါရှိသည့် ရေနံလက်ယက်တွင်းနှင့် လက်ယက်တွင်း ဆိုသော စကားရပ် အစား ရေနံတွင်းတိမ် ဆိုသည့် စကားရပ်ကို ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပြောင်းလဲပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ရေနံလက်ယက်တွင်း နှင့် လက်ယက်တွင်း ဆိုသော စကားရပ် အစား ရေနံတွင်းတိမ် ဆိုသော စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်တွင် ပါရှိသည့် ပြစ်ဒဏ် ဆိုသော စကားရပ်အစား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ချက် ဆိုသည့် စကားရပ်ကို ဥပဒေကြမ်း တစ်ရပ်လုံးတွင် ပြောင်းလဲပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ပြစ်ဒဏ်ဆိုသော စကားရပ်အစား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ချက် ဆိုသည့် စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ (က)(ခ)၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ (က)(ခ)၊

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇ (က)(ခ)(ဂ)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ ခြေဆင်း၊ အပိုဒ် ၁၂ (က)(ခ)၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၄၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅ (က)(ခ)(ဂ)၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆ (က)(ဃ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၇ (ခ)

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၈ (က) (၁)(၂)(၃)(၄)၊ အပိုဒ် ၁၈ (ခ)(၁)(၂)၊

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၀၊

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၂ ခြေဆင်း၊ အပိုဒ် ၂၂ (က)(ခ)(ဂ)၊ အပိုဒ် ၂၃(က)(၁)(၂)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၆(ခ)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ (က)(ခ)(ဂ) နှင့်

အဆိုပြုပြင်ဆင်ထားသည့် အခန်း(၇)၊ အပိုဒ် ၁၈(ဂ)၊ အခန်း(၉)၊ အပိုဒ် ၂၃ နှင့် အခန်း(၁၀)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆(က)(၃) ပယ်ဖျက်ချက်တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့်အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၉-၂-၂၀၁၇ ရက်နေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက လွှတ်တော်သို့ အဆိုတင်သွင်းခဲ့ပါတယ်။

ယင်းနေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းရာ၌ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သည် အများပြည်သူပို့ဆောင်ရေးလုပ်ငန်း ဖြစ်သည့်အတွက် စီးပွားရေးဆန်ဆန်ရပ်တည်၍ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ဈေးကွက်စီးပွားရေးစနစ်ဖြင့်ကိုက်ညီမှုမရှိခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများ ကြုံတွေ့နိုင်ခြင်း၊ အစိုးရပိုင် အဖွဲ့အစည်းဟူ၍ အခွင့်ထူးခံ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပါရှိသည့်အတွက် ထိုသို့ ဆောင်ရွက်ရန်သင့်လျော်မှုမရှိခြင်း၊ နိုင်ငံတော်ဘတ်ဂျက်၏ ပြင်ပတွင် အထောက်အပံ့မယူဘဲ ရေရှည်ရပ်တည်ရန်ခက်ခဲခြင်းတို့ကြောင့် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းရန် မသင့်ကြောင်းတင်ပြထားပါတယ်။

ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ သဘောထားကို လွှတ်တော်သို့ တင်ပြပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို ထောက်ခံအပ်ပါတယ်။ အချိန်အခါ

မသင့်သေးဘူးလို့ ယူဆတဲ့အတွက်ကြောင့် ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန်မသင့်သေးတဲ့အကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(က) အရ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်

ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းကို အတည်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။

ဒီဥပဒေနဲ့ပတ်သက်ပြီး ၂၃-၂-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစည်းအဝေးမှာ ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါ။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခွင့် ပြင်ဆင်တဲ့ဥပဒေကြမ်းကို အတည်ပြုပေးရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းတာကို ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာပြည့်ဖြိုး ကနေပြီးတော့ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် အတည် ဖြစ်သည်။(သြဘာသံများ)

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(က)အရ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို အတည်ပြုနိုင်ရန်အတွက် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

အဆိုပါ ဥပဒေနဲ့ပတ်သက်ပြီး ၂၃-၂-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစည်းအဝေးမှာ ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှင်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အဆိုတင်သွင်းလာခြင်းအပေါ် မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်မ ဒေါ်မြတ်သီတာထွန်း က ထောက်ခံအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းကို အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းသည် အတည်ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက် ဗုဒ္ဓဟူးနေ့ နံနက်(၁၀း၀၀)မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]